# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၁။ မိမိအကြောင်း

### ပထမပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - မိတ်ဆက်ခြင်း<br>- တစ်နှစ်တာအတွက်အခြေခံစည်းမျဉ်းများကိုကလေးများနှင့်အတူ ဆွေးနွေးခြင်း<br>(ပြောဆိုဆက်သွယ်) | - ကျောင်းခန်းဝင်ကဗျာရွတ်ဆိုခြင်း<br>- လမ်းလျှောက်ပုံစံမျိုးစုံ ပြုလုပ်ကစားခြင်း<br>- အသံအမျိုးမျိုးကိုခွဲခြားစေခြင်း<br>(ပြောဆိုဆက်သွယ်) | - အမည်များကိုနားထောင်စေခြင်း<br>- ကျောင်းခန်းဝင်ကဗျာရွတ်ဆိုခြင်း<br>- လမ်းလျှောက်ပုံစံမျိုးစုံ ပြုလုပ်ကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - ကျောင်းခန်းဝင်ကဗျာရွတ်ဆိုခြင်း<br>- ပုံပြင်စာအုပ်ပါအစိတ်အပိုင်းများကိုမိတ်ဆက်ခြင်း<br>- စာအုပ်များကိုအနေထားမှန်အောင်ကိုင်စေခြင်း<br>(ပြောဆိုဆက်သွယ်) | - "ကျွန်တော့်အမေလားခင်ဗျာ"ပုံပြင်ရုပ်ပုံများကိုကြည့်၍ထင်မြင်ချက်များကို ပြောစေခြင်း<br>- ကျောင်းခန်းဝင်ကဗျာရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - "Hello"ကဗျာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Hello"ကဗျာကိုအမူအရာဖြင့်ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Hello"ကဗျာပါစကားလုံးများကိုသုံး၍ အုပ်စုဖွဲ့ သီဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Hello"ကဗျာပါစကားလုံးများကိုသုံး၍ဆရာနှင့်ကလေးများအပြန်အလှန်နှုတ်ဆက်ပြောဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Hello"ကဗျာပါစကားလုံးများကိုသုံး၍ကလေးအချင်းချင်းအပြန်အလှန်နှုတ်ဆက်ပြောဆိုခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၁း၁၅-၁၁း၄၅ | - မိမိအမည်ကိုမိတ်ဆက်ခြင်း<br>(စာရိတ္တ၊ မိတ္တ) | - ကလေးနှစ်ဦးတွဲ၍တူညီမှု၊ မတူညီမှုများပြောခြင်း<br>(စာရိတ္တ၊ မိတ္တ) | - စားသင့်၊ မစားသင့်အစာများခွဲခြားခြင်း<br>(ကိုယ်စိတ်နှစ်ဖြာ) | - နှစ်သက်သောကစားနည်းကစားခြင်း<br>(ကိုယ်စိတ်နှစ်ဖြာ) | - ရုပ်ပုံများကြည့်၍မိမိချစ်သောသူအကြောင်းပြောခြင်း<br>(စာရိတ္တ၊ မိတ္တ) |

DBE BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁:၄၅-၁၂:၁၅ | - ကလေးနှစ်ဦးတွဲ၍ မိမိအကြောင်း အပြန်အလှန်ပြောခြင်း (စာရိတ္တ၊ မိတ္တ) | - အရာဝတ္ထုများမှ အရောင်တူ ပစ္စည်းများကို ယှဉ်တွဲကစားခြင်း (သင်္ချာ) | - ပုံသဏ္ဌာန်တူ အရာဝတ္ထုများ ယှဉ်တွဲခြင်း (သင်္ချာ) | - မိမိ၏ ကောင်းသောအမူအကျင့်များ ဖော်ထုတ်ခြင်း (စာရိတ္တ၊ မိတ္တ) | - အရွယ်အစားတူသောအရာဝတ္ထုများကိုယှဉ်တွဲခြင်း (သင်္ချာ) |
| ၁၃:၃၀-၁၄:၀၀ | - "မိမိအကြောင်း" သီချင်းသီဆိုခြင်း (အနုပညာရသ) | - "လူရှည်ကြီး" သီချင်းသီဆိုခြင်း (အနုပညာရသ) | - စက္ကူဖြင့်ရေခဲမုန့်ပုံနှင့်ယပ်တောင်ပုံခေါက်ခြင်း (အနုပညာရသ) | - စက္ကူဖြင့်ခွေးရုပ်၊ ကြောင်ရုပ် ခေါက်ခြင်း (အနုပညာရသ) | - မိမိချစ်ခင်သောသူ(သို့)တိရစ္ဆာန်ပုံဆွဲခြင်း (အနုပညာရသ) |

DBE BOX

## သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်
## ၁။ မိမိအကြောင်း

### ဒုတိယပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - "ကျွန်တော့်အမေလား ခင်ဗျာ"ပုံပြင်ကို ဆရာက ပြောခြင်း<br>- နှစ်သက်ရာ ကဗျာရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - နှစ်သက်ရာ ကဗျာ ရွတ်ဆိုခြင်း<br>- သိသမျှပြောမယ် ကစားနည်းကို ကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - "ကျွန်တော့် အမေလား ခင်ဗျာ"ပုံပြင် ပြောခြင်း<br>- အမူအရာဖြင့် သရုပ်ဆောင်ခြင်း<br>(ပြောဆိုဆက်သွယ်) | - သိသမျှပြောမယ် ကစားနည်းဖြင့် ကစားခြင်း<br>- "ကျွန်တော့် အမေလား ခင်ဗျာ"ပုံပြင်ကို မှတ်မိသလောက် တစ်ဦးချင်းပြောခြင်း<br>(ပြောဆိုဆက်သွယ်) | - ခဲတံကိုင်နည်း သင်ပြခြင်း<br>- ဘာတွေလဲ ကစားနည်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - "Good Morning" ကဗျာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Good Morning" ကဗျာကိုအမူအရာဖြင့်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Good Morning"ကဗျာပါစကားလုံးများကိုသုံး၍ အုပ်စုဖွဲ့ သီဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Good Morning"<br>- ကဗျာပါစကားလုံးများကိုသုံး၍ ဆရာနှင့်ကလေးများအပြန်အလှန်နှုတ်ဆက် ပြောဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Good Morning" ကဗျာပါစကားလုံးများကိုသုံး၍ ကလေးအချင်းချင်းအပြန်အလှန်နှုတ်ဆက် ပြောဆိုခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၁း၁၅-၁၁း၄၅ | - ဆရာပြောမယ် ကစားနည်းဖြင့် ကိုယ်ခန္ဓာရှိ အစိတ်အပိုင်းများ ဖော်ထုတ်ခြင်း<br>(ကိုယ်စိတ်နှစ်ဖြာ) | - Magic Bag ကစားခြင်းဖြင့် အရာဝတ္ထုများ၏ ကြမ်းခြင်း၊ အပျော့အမာ ခွဲခြားခြင်း<br>- သကြားနှင့်ဆား အရသာခံခြင်း<br>(ပတ်ဝန်းကျင်လောက) | - အကြားအာရုံ သုံး၍ ကစားခြင်း<br>(ပတ်ဝန်းကျင်လောက) | - မှတ်ဉာဏ် ကစားခြင်းဖြင့် ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများ ပြောခြင်း<br>(ပတ်ဝန်းကျင်လောက) | - ကိုယ်ခန္ဓာ အစိတ်အပိုင်းများအသုံးဝင်ပုံ ကစားခြင်း<br>(ကိုယ်စိတ်နှစ်ဖြာ) |

DBE-BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁း၄၅-၁၂း၁၅ | - "တစ်ကိုယ်ရေသန့်ရှင်းခြင်း" ကဗျာဆို၍မေး၊ ဖြေပြုလုပ်ခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - ပန်းပွင့်များနှင့် အနံ့ခံခြင်း (ပတ်ဝန်းကျင်လောက) | - အရာဝတ္ထုများ အရောင်တူစုခြင်း (သင်္ချာ) | - သစ်ရွက်များသုံး၍ပုံသဏ္ဍာန်တူ အရာဝတ္ထုများစုဆောင်းခြင်း (သင်္ချာ) | - အရွယ်အစား တူပစ္စည်းများစု၍ ပုံဖော်ခြင်း (သင်္ချာ) |
| ၁၃း၃၀-၁၄း၀၀ | - မိမိနှစ်သက်ရာ ကစားစရာ(သို့) စားစရာပုံဆွဲ ပုံဖော်ခြင်း (အနုပညာရသ) | - "ခေါင်း၊ ပခုံးနှင့် ဒူး၊ ခြေဖျား" သီချင်းသီဆိုခြင်း (အနုပညာရသ) | - "မျက်စိလေးက မြင်တယ်" သီချင်းသီဆိုခြင်း (အနုပညာရသ) | - "ခေါင်း၊ ပခုံးနှင့် ဒူး၊ ခြေဖျား" သီချင်းသီဆိုခြင်း (အနုပညာရသ) | - ယခင်ရက်များက ဆွဲပြီးသားပုံများကိုကြည့်၍ စိတ်ကူးရှိသလို ပြောခြင်း (တီထွင်ဖန်တီး) |

# မိမိအကြောင်း

**ပထမပတ်**

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ် ॥ ॥ ဆရာပြောသည်ကိုနားထောင်၍ပြန်ပြောတတ်ရန်။

လုပ်ငန်းစဉ် ॥ ॥ **စာသင်ခန်းအကြောင်းမိတ်ဆက်ခြင်း (မိနစ်၃၀)**

- ဆရာက ဦးစွာ မိမိကိုယ်ကို မိတ်ဆက်ပါ။
- ဒီစာသင်ခန်းမှာဘာတွေလုပ်ကြမယ်လို့ထင်သလဲ။ကလေးများကို မေးမြန်းပါ။
- ကလေးများပြောပါစေ။ကလေးများမပြောနိုင်ပါက ဆရာက ပြောပြပါ။
- ဥပမာ-ဆရာနှင့်အတူ ကစားကြမယ်။သီချင်းတွေဆိုကြမယ်။
- ကဗျာတွေဆိုပြီး အမူအရာလုပ်ကြမယ်။
- ပုံပြင်တွေ ပြောကြမယ်။သရုပ်ဆောင်ကြမယ်။
- ကလေးတွေအားလုံး ဒီအခန်းထဲမှာ ပျော်ပျော်ရွှင်ရွှင်နေကြမယ်။
- ဆရာက ကျောင်းခန်းဝင်ကဗျာ၊ သို့မဟုတ် နှစ်သက်ရာ အခြားကဗျာ/သီချင်းတစ်ပုဒ်ကိုဟန်အမူအရာဖြင့်ဆိုပြပါ။

အသေးစိတ်သင်ယူမှုရလဒ် ॥ ॥ စာသင်ခန်းအတွင်းလုပ်ဆောင်ရမည့်လုပ်ငန်းများကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ် ॥ ॥ **အခြေခံစည်းမျဉ်းများကို ကလေးများနှင့်အတူဆွေးနွေးခြင်း (မိနစ် ၃၀)**

- ဆရာက ဖြစ်စေချင်တဲ့ စည်းကမ်းတွေကို သားတို့သမီးတို့နဲ့ အတူစဉ်းစားကြရအောင် ပြောပါ။
- ကလေးများ ချွတ်ထားသော ဖိနပ်တွေကိုပြပါ။
- ဘယ်လိုထားရင် ကောင်းမလဲမေးပါ။
- ကလေးများကို ခေါ်ပြီး လက်တွေ့ညီညီ စီထားပါစေ။
- ထမင်းဘူး၊ ထမင်းချိုင့်၊ လက်ဆွဲခြင်းတွေကို ဘယ်နေရာမှာထားရင်အဆင်ပြေမလဲ။ ဘယ်လိုထားရင် ကြည့်လို့ကောင်းမလဲ မေးပါ။ ကလေးများစဉ်းစားပြီးပြောပါစေ။
- ကလေးများနှင့်အတူ အဆင်ပြေမည့် နေရာတွင်ထားပါ။
- ထို့အတူ ဦးထုပ်၊ ထီး စသည်တို့ကိုလည်း လက်တွေ့စီထားပါစေ။
- အခန်းထဲမှာကစားစရာတွေရှိတယ်၊ ကစားပြီးရင် ဘယ်လိုလုပ်မလဲ။ မေးခွန်း မေးပါ။ ကလေးများ စဉ်းစား၍ဖြေပါစေ။
- ဆရာက ကစားပြီးရင် မူလယူသည့်နေရာတွင် ပြန်ထားရမည့်အကြောင်းဆွေးနွေးပါ။
- ကစားစရာများကို ပြန်မသိမ်းပါက ဆရာက နောက်ထပ် ကစားစရာများနှင့်မကစားရတော့ဘူး စသည့်ဖြင့် ဆွေးနွေးပါ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ် ။ ။ "Hello" **ကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။**

လုပ်ငန်းစဉ် ။ ။ "Hello"**ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

"Hello"
(Hello)[3] What's your name?
(My name is Pusu) [3]
(Hello, Pusu) [2] Pusu.

- ဆရာက ကဗျာကို ၂ ခေါက်၊ သို့မဟုတ် ၃ ခေါက် အသံထွက်မှန်မှန်ဖြင့် ရွတ်ပြပါ။
- ဆရာနှင့်ကလေးများ အတူတကွ ရွတ်ဆိုပါ။
- ကလေးများကိုယ်တိုင် ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ မိမိ၏အမည်၊ အသက်၊ မွေးနေ့၊ နေရပ်နှင့် မိဘအမည်ကိုအများရှေ့တွင်ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **မိတ်ဆက်ခြင်း (မိနစ် ၄၀)**

- ဆရာက မိတ်ဆက်ပေးမည့်ကလေးကို အလယ်တွင်ထားပြီး ကျန်ကလေးများကဝိုင်း၍ အောက်ပါသီချင်းကိုဆိုပါစေ။
- သင့်နာမည်ကဘယ်လိုခေါ်ပါသလဲ။(ကျန်ကလေးများကမေးရန်)
- ကျွန်မ၊ ကျွန်တော်အမည်က------ ပါရှင့်/ခင်ဗျာ။ (မိတ်ဆက်ပေးမည့်ကလေးဖြေရန်)
- မောင်/မ . . . . . .
- အိုအို့အိုအိုးကောင်းလိုက်တာ (ကျန်ကလေးများပြောရန်)
- ဤနည်းအတိုင်း ကျန်ကလေးများအား အလှည့်ကျမိတ်ဆက်ပါစေ။

မှတ်ချက်။ ။အချိန်ပေါ်မူတည်၍မိတ်ဆက်မည့်ကလေးဦးရေကိုသတ်မှတ်ပါ။

လုပ်ငန်းစဉ်(၂) ။ ။ **နှစ်ယောက်တွဲ၍ ပြောခြင်း (မိနစ် ၂၀)**

- ကလေးများအချင်းချင်း(၂)ယောက်တစ်တွဲတွဲ၍ အမည်၊အသက်(မွေးနေ့)၊ နေရပ်နှင့်မိဘအမည်များကို အပြန်အလှန် ပြောပါစေ။
- အတန်းရှိကလေးများမှ နှစ်ယောက်တွဲ(၅)တွဲခန့်အတန်းရှေ့တွင် ထွက်ပြောပါစေ။

မှတ်ချက်။ ။တစ်ဦးချင်းမိတ်ဆက်စဉ်က ကျန်ခဲ့သောကလေးများကို ဦးစားပေး၍ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ မိမိအကြောင်းသီချင်းသီဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **သီဆိုခြင်း (မိနစ် ၃၀)**

- ဆရာက ဟန်အမူအရာဖြင့်ဦးစွာ ရွတ်ဆိုပြပါ။
- ကလေးများနှင့်ဆရာအတူရွတ်ဆိုပါ။
- ကလေးအားလုံးကိုရွတ်ဆိုပါစေ။
- ဆရာက မိမိအမည်ကိုထည့်၍မိမိအကြောင်းသီချင်းကို အမူအရာဖြင့်နမူနာဆိုပြပါ။
- ကလေးများအား ၎င်းတို့အမည်များကိုထည့်၍နောက်ကလိုက်ဆိုပါ။
- ထို့နောက်ကလေးတစ်ဦးချင်းအားဆိုပါစေ။



DBE BOX

အင်္ဂါနေ့

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ကဗျာများကို မှန်ကန်သွက်လက်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ကျောင်းခန်းဝင် ကဗျာရွတ်ဆိုခြင်း(၁၅ မိနစ်)**

**"ကျောင်းခန်းဝင်"**

မနီကလေး လွယ်အိတ်ပြင်
ပိတောက်ပန်းနဲ့ ကျောင်းခန်းဝင်။
မင်္ဂလာပါ ဆရာမ
ညီညီညာညာ နှုတ်ဆက်ကြ။
ဝလုံးကလေး ချစ်စဖွယ်
ဝိုင်းအောင် ရေးတတ်တယ်။
စံပယ်လို ဖြူဖြူဖွေး
ဝလုံး ကြူကြူမွှေး။ ။

- ဆရာက ကဗျာတစ်ပုဒ်လုံးကို အသံနေအသံထား မှန်မှန်ဖြင့် ရွတ်ဆိုပြပါ။
- ဆရာက ကဗျာ၏ နှစ်ကြောင်းတစ်ပိုဒ်ကို အသံထွက် မှန်ကန်စွာရွတ်ဆိုပြပါ။
- ဆရာနှင့်အတူ ကလေးများ နှစ်ကြောင်းတစ်ပိုဒ် ရွတ်ဆိုစေပါ။
- ကဗျာတစ်ပိုဒ်စီရှိ နှစ်ကြောင်းစီကိုဆရာနှင့်ကလေးတစ်လှည့်စီ ကဗျာတစ်ပုဒ်လုံးပြီးသည် အထိ ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **လမ်းလျှောက်ပုံစံမျိုးစုံ ပြုလုပ်ကစားနည်း(၁၅ မိနစ်)**

- ကလေးတို့နှင့်အတူတူ လမ်းလျှောက်ပုံ အမျိုးမျိုး ပြုလုပ်ပါ။
- အားလုံးတန်းစီပြီး အခန်းတစ်ဖက်မှ စတင်လျှောက်ပါ။
- ဆရာက ထိပ်ဆုံးမှနေ၍ ကလေးတွေမြင်သာအောင် လျှောက်ရပါမည်။
- ဆရာ လျှောက်သည့်အတိုင်း လိုက်လျှောက်ရန် ကလေးများကိုပြောပါ။
- မျက်နှာပြင် အမျိုးမျိုးပေါ်မှာ လျှောက်ဟန်အမျိုးမျိုး လုပ်ပြပါ။
- ချစ်ချစ်တောက်ပူနေသော မျက်နှာပြင်ပေါ် လျှောက်ဟန် လျှောက်ပြပါ။
- ရေထဲမှာ လျှောက်သည့်ဟန် လျှောက်ပါ။
- ရွှံ့ဗွက်ထဲ လျှောက်သည့်ဟန် လျှောက်ပါ။
- သဲထဲ လျှောက်သည့်ဟန် လျှောက်ပါ။
- အခြားလျှောက်ဟန်များကိုလည်း ကလေးတို့အား စဉ်းစားခိုင်းပြီးလျှောက်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ အသံအမျိုးမျိုးကို နားထောင်၍ ခွဲခြားတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **အသံအမျိုးမျိုးကို နားထောင်၍ ခွဲခြားခြင်း (မိနစ် ၃၀)**

- အသံထွက်စေသော အရာအမျိုးမျိုးကို ကြိုတင်ပြင်ဆင်ထားပြီး တစ်ခုကိုနမူနာ တီးပြ၍ နားထောင်ပြီး အသံအမျိုးအမည်ကို ပြောပါစေ။
- သာဓက-ခေါင်းလောင်း၊ ကြေးစည်၊ ခရာ(ဝီစီ). . .
- စာသင်ခန်းနှင့် ကျောင်းပတ်ဝန်းကျင်ရှိ အသံတစ်မျိုးကိုနားထောင်ပါစေ။ ထိုအသံသည် မည်သည့်အသံဖြစ်သည်ကို ခွဲခြားပြောပါစေ။ (ဥပမာ-တိရစ္ဆာန်အော်သံ၊ ကားသံ၊

DBE Box

လေယာဉ်ပျံသံ၊ ဈေးသည်အော်သံ၊ ကလေးငိုသံ၊ ရယ်သံ စသည်ဖြင့်)

-ကျောင်းအလာ၊ ကျောင်းအပြန်လမ်း၊ **အိမ်တွင်ကြားခဲ့ရသော အသံများကို နားထောင်ပြီး** မှတ်ခဲ့ရန် ဆရာက မှာကြားပါ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ "Hello" ကဗျာကို အမူအရာနှင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ "Hello"**ကဗျာကို အမူအရာနှင့် ရွတ်ဆိုခြင်း (မိနစ် ၃၀)**

ဆရာက ကဗျာကို ၂ ခေါက်၊ သို့မဟုတ် ၃ ခေါက် အသံထွက်မှန်မှန်ဖြင့် ရွတ်ပြပါ။

- ဆရာနှင့် ကလေးများ အတူတကွ ရွတ်ဆိုပါ။
- ဆရာနှင့် ကလေးများ အမူအရာဖြင့် ရွတ်ဆိုပါ။
- ကလေးများကိုယ်တိုင် အမူအရာဖြင့် ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ မိမိနှင့်တူသည်များရှိသလို၊ မတူသည်များရှိသည်ကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **လူတွဲကစားခြင်း (၁၅ မိနစ်)**

- ဆရာက ကလေးတစ်ဦးကိုခေါ်ပြီး ထိုကလေးနှင့်အရပ်တူသူများကိုရှာ၍ တစ်အုပ်စု နေရန် ပြောပါ။ အရပ်တူသူကလေးများ အုပ်စုတစ်စု ဖွဲ့ပါစေ။
- ထိုအတူ (ဆံပင်တို/ရှည်၊ ပိန်သူ/ဝသူအချင်းချင်း . . . . . စသည်ဖြင့်) မိမိအတန်းတွင်းရှိ ကလေးများ၏ အခြေအနေပေါ်မူတည်၍ ဆရာ၏စိတ်ကူးဉာဏ်ရှိသရွေ့ အုပ်စုအမျိုးမျိုးဖွဲ့၍ကစားနိုင်သည်။

လုပ်ငန်းစဉ်(၂) ။ ။ **ကလေးအချင်းချင်းမေးမြန်းခြင်း (၁၅ မိနစ်)**

- ကလေးများကို (၂)ယောက်စီတွဲ၍ (ကြိုက်နှစ်သက်သောအရုပ်၊ စားစရာ၊ ဝါသနာတို့ကို အချင်းချင်း မေးမြန်းပါစေ။)
- ဆရာက မိမိကြိုက်နှစ်သက်သောအရုပ်(ဝက်ဝံရုပ်)၊ စားစရာ(မုန့်ဟင်းခါး၊. . . )၊ ဝါသနာ(စာဖတ်ခြင်း)တို့ကို နမူနာပြောပြပါ။
- ဆရာကသင့်လျော်ရာအတွဲ တစ်တွဲကိုရွေးသို့ခေါ်၍တစ်ဦး၏နှစ်သက်ရာအရုပ်၊ စားစရာ၊ ဝါသနာ(စာဖတ်၊သီချင်းဆို၊TVကြည့်)တို့ကိုအခြားတစ်ဦးအားပြောပါစေ။
- ဆရာမှ ထိုကလေးများပြောသော နှစ်သက်ရာအရုပ်၊ စားစရာနှင့် ဝါသနာအကြိုက်ချင်းတူသောကလေးများကို တစ်စုစုပါစေ။ ထို့နောက်ဆရာက ကလေးများသည် တစ်ဦးနှင့်တစ်ဦးတူညီမှုများရှိသလို မတူညီမှုများလည်းရှိကြောင်းပြောပြပါ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ အရာဝတ္ထုများမှအရောင်တူပစ္စည်းများကိုရှာဖွေပြီးယှဉ်တွဲတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **အရောင်တူရာယှဉ်တွဲကစားခြင်း (မိနစ် ၃၀)**

- ဆရာကကလေးများသိသော အရောင်များကိုမေးပါ။ (ဥပမာ-အဖြူရောင်၊ အမည်းရောင်၊ အနီရောင်၊ အဝါရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ လိမ္မော်ရောင်)
- ဆရာက ကလေးများအားမိမိမှာရှိသောအရာဝတ္ထုပစ္စည်းများ (လွယ်အိတ်၊ဆွဲခြင်း၊ရေဘူး၊ ထမင်းဘူး . . . စသည်) များမှ အနီရောင်ပစ္စည်းရှိသူများ မတ်တတ်ရပ် ပါဟုပြောပါ။
- ထို့နောက် ကလေးများအားအချင်းချင်း အရောင်တူရာပစ္စည်းများကို ရှာဖွေ၍ ယှဉ်တွဲပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ကဗျာသီချင်းတွင်ပါသော အကြောင်းအရာအတိုင်းမိမိ စိတ်ကြိုက်အမူအရာဖြင့် သီဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **သီဆိုခြင်း (မိနစ် ၃၀)**

- ဆရာက ဟန်အမူအရာဖြင့်ဦးစွာ ရွတ်ဆိုပြပါ။
- ကလေးများနှင့်ဆရာအတူရွတ်ဆိုပါ။
- ကလေးအားလုံးကိုရွတ်ဆိုပါစေ။

**"လူရှည်ကြီး"**

(လူရှည်ကြီးလိုလျှောက်)၂
(လူရှည်ကြီးလို)၄ လျှောက်
(လူပုလေးလိုလျှောက်)၂
(လူပုလေးလို)၄ လျှောက်
(လူဝကြီးလိုလျှောက်)၂
(လူဝကြီးလို)၄ လျှောက်
(လူပိန်လေးလိုလျှောက်)၂
(လူပိန်လေးလို)၄ လျှောက်
(မင်းသားလေးလိုက)၂
(မင်းသားလေးလို)၄ က
(မင်းသမီးလေးလိုက)၂
(မင်းသမီးလေးလိုက)၄ က

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ် ။ ။ အမည်များကိုနားထောင်၍အသံတူရာများကိုခွဲခြားတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **အမည်များကိုနားထောင်စေခြင်း (မိနစ် ၃၀)**

- နံနက်ပိုင်း ပုံမှန်နှုတ်ဆက်လုပ်ငန်းချိန်တွင် ဆရာက မိမိအမည်ကိုပြောပါ။ မိမိအမည်နှင့် အသံတူအမည်ပါသော အခြားဆရာတစ်ဦး၏အမည်ကိုပြောပြပါ။ (ဥပမာ- ဆရာမက ဒေါ်မြင့်မြင့်ဖြစ်တယ်၊ ဆရာမသူငယ်ချင်းက ဒေါ်မြင့်မြင့်ဝင်းဖြစ်တယ်။ "ဘယ်အသံတူသလဲ"ဟုမေးပါ။"မြင့်")
- ကလေးများ နားမလည်သေးပါက နှစ်ကြိမ်၊ သုံးကြိမ်ပြောပေးပါ။
- ကျောင်းသား/သူတစ်ဦးမှ မိမိ၏ အမည်ကို ပြောပါစေ။
- ဥပမာ - လှလှဝင်းဟုပြောပါက "ဝင်း"အသံနှင့်တူသော တခြားကျောင်းသူများရှိပါက အမည်ကိုပြောပါစေ။
- ဥပမာ - ကျော်ကျော်အောင်ဟုပြောပါက "အောင်"အသံနှင့်တူသော တခြားကျောင်းသားများရှိပါက အမည်ကိုပြောပါစေ။
- ထိုကဲ့သို့ အသံတူရာစာလုံးများကို ဆရာက ရှာဖွေ၍ ကလေးများ နားလည်သည် အထိ အကြိမ်ကြိမ်လေ့ကျင့်ပါ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ကဗျာများကို မှန်ကန်သွက်လက်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ကျောင်းစန်းဝင် ကဗျာရွတ်ဆိုခြင်း(၁၅ မိနစ်)**

- ယခင်သင်ကြားခဲ့ပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **လမ်းလျှောက်ပုံစံမျိုးစုံ ပြုလုပ်ကစားနည်း(၁၅ မိနစ်)**

- ယခင်နေ့က လမ်းလျှောက်ပုံစံမျိုးစုံ ပြုလုပ်ကစားနည်းအတိုင်း ကစားပါမည်။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ "Hello" ကဗျာပါစကားလုံးများကို အသုံးပြု၍ ပြောတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"Hello"ကဗျာကို အုပ်စုဖွဲ့၍ နှုတ်ဆက်ပြောဆိုခြင်း (မိနစ် ၃၀)**

"Hello" ကဗျာကို တစ်တန်းလုံး အမူအရာဖြင့် ရွတ်ဆိုပါစေ။

- ကလေးများကို အုပ်စု နှစ်စု ဖွဲ့ပါ။
- "Hello"ကဗျာကို အုပ်စု နှစ်စု အပြန်အလှန် အမူအရာဖြင့် ရွတ်ဆိုပါ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ မိမိနှစ်သက်သော အစားအစာများမှ စားသင့်သောအစားအစာနှင့်မစားသင့်သော အစားအစာများကိုခွဲခြားတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **စားသင့်သော၊ မစားသင့်သောအစားအစာများခွဲခြားခြင်း (မိနစ် ၃၀)**

- ကလေးများအားမိမိကြိုက်နှစ်သက်သောအစားအစာများကိုပြောပါစေ။
- ကလေးများပြောသမျှကိုသင်ပုန်းတွင်ရေးပါ။ ဖြစ်နိုင်လျှင် သင်ပုန်းပေါ်တွင်ပုံဆွဲ၍ မှတ်ထားပါ။
- ထိုအစားအစာများထဲမှ စားသင့်သောအစားအစာနှင့် မစားသင့်သောအစားအစာများကို ကစားခြင်းနည်းဖြင့် ခွဲခြားမည်။
- နံရံတွင်စားသင့်သည်။(✔)မစားသင့်ပါ။(✘)သင်္ကေတများကိုရေး၍ကပ်ထားပါ။ ဆရာက သင်ပုန်းပေါ်တွင်ရေးထားသော အစားအစာအမည်တစ်ခုကိုရွတ်ဆိုပါက ကလေးများ စားသင့်သည့် နေရာ(သို့)မစားသင့်သည့် နေရာတွင်ရပ်ပါစေ။
- ဥပမာ-အရောင်ဆိုးထားသော ဆီးထုပ်များကိုစားမည်။
- မနေ့က ပြုတ်ထားသောပြောင်းဖူးကို စားမည်။
- အဖုံးအုပ်ထားသောမုန့်များကိုစားမည်။
- ယင်နားသော အစားအစာများကိုစားမည်။
- ပူပူနွေးနွေးအစာများကို စားမည် ....... စသည်ဖြင့်လည်း ဆရာကပြောပြပြီး ကလေးများကို စားသင့်၊ မစားသင့်ကို ခွဲခြားခိုင်းနိုင်ပါသည်။
- ထို့နောက်ဆရာက ကလေးများမစားသင့်သည့် အစားအစာများကိုပြန်၍ပြောပြပါ။ ဘာကြောင့် မစားသင့်ကြောင်း ဆရာက ရှင်းပြပါ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ပုံသဏ္ဌာန်တူ အရာဝတ္ထုများကိုယှဉ်တွဲတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ယှဉ်တွဲခြင်း (မိနစ် ၃၀)**

- ဆရာကကလေးများအားအဝိုင်း(သို့)လေးထောင့်ပုံသဏ္ဌာန်ပစ္စည်းတစ်ခုကိုပြပါ။ကလေးများအား ထိုပုံသဏ္ဌာန်နှင့်တူသောပစ္စည်းကိုရှာဖွေပြီး ဆရာပြသော နမူနာပစ္စည်းနှင့် ယှဉ်တွဲပါစေ။

DBE BOX

- ထိုနည်းအတိုင်းအခြားပုံသဏ္ဍာန်တူပစ္စည်းများကိုလည်းယှဉ်တွဲပါစေ။
- မှတ်ချက်။ ။ဆရာက ရေသန့်ဘူးခွံပုံစံမျိုးစုံ၊ စက္ကူဘူးခွံပုံစံမျိုးစုံကိုစုဆောင်းထားပြီး အသုံးပြုနိုင်ပါသည်။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ စက္ကူကိုအသုံးပြု၍ ရုပ်ပုံခေါက်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ရုပ်ပုံခေါက်ခြင်း (မိနစ် ၃၀)**

- စက္ကူဖြင့်ရုပ်ပုံခေါက်ရာတွင် ဆရာကနမူနာခေါက်ပြပါ။ (ဥပမာ-ရေခဲမုန့်၊ ယပ်တောင် . . . . )
- ကလေးများအား ဆရာနှင့်အတူလိုက်ခေါက်ပါစေ။
- ကလေးများကိုယ်တိုင်ပြုလုပ်ပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ် ။ ။ ကဗျာများကို မှန်ကန်သွက်လက်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ကျောင်းခန်းဝင် ကဗျာရွတ်ဆိုခြင်း(၁၅ မိနစ်)**

- ယခင်သင်ကြားခဲ့ပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ စာအုပ်တစ်အုပ်၏ အစိတ်အပိုင်းများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ပုံပြင်စာအုပ်မိတ်ဆက်ခြင်း(၁၅ မိနစ်)**

- ဆရာက "ကျွန်တော့် အမေလား ခင်ဗျာ" ပုံပြင်စာအုပ်ကို ပြ၍စာအုပ် တစ်အုပ်၏ အစိတ်အပိုင်းများဖြစ်သော ရှေ့ဖုံး၊ ကျောဖုံးနှင့်စာမျက်နှာစသည်တို့ကို ကလေးများအား မိတ်ဆက်ပေးပါ။
- စာအုပ်တစ်အုပ်၏ ရှေ့ဖုံးတွင်ပါသော ရုပ်ပုံများ၊ စာအုပ်အမည်တို့ကိုလည်း ကလေးများ အားမိတ်ဆက်ပေးပါ။
- ကလေးများအားစာအုပ်၏ အစိတ်အပိုင်းများကိုထောက်ပြ၍ အစိတ်အပိုင်းများ၏အမည် ကိုပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ စာအုပ်ကို အနေအထားမှန်အောင်ကိုင်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **စာအုပ်များကိုအနေအထားမှန်အောင်ကိုင်ခြင်း (မိနစ် ၃၀)**

- ဆရာက "ကျွန်တော့်အမေလားခင်ဗျာ"ပုံပြင်စာအုပ်ကိုပြပြီး စာအုပ်၏အစိတ်အပိုင်းများ မေးပါ။
- (ဥပမာ- ရှေ့ဖုံးကိုပြပြီး ဘာခေါ်သလဲ။. . . စသည်ဖြင့်)
- ဆရာက ကြိုတင်ရှာထားသော စာအုပ်၊ ဂျာနယ်၊ သတင်းစာတို့ကိုကလေးများအား ဝေပေးပါ။(စာအုပ်မလုံလောက်ပါက ကလေးများအားအုပ်စုဖွဲ့ပေးပါ။)
- ကလေးများအား မိမိတို့ရရှိထားသော စာအုပ်ကိုကြည့်ပါစေ။ ဆရာက စာအုပ်အနေ အထား မှန်၊မမှန် အတန်းသို့ လှည့်လည်ကြည့်ပါ။ (လိုအပ်လျှင်ဆရာက စာအုပ်ကို အနေအထားမှန်အောင် ကိုင်ပြပါ။ )